**မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး**
**၈၈ မျိုးဆက်ကျောင်းသားများ**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

စာအမှတ်။ ။၂/၂၀၁၀(မဃတ+၈၈+ဗကသ)
ရက်စွဲ ။ ။ မတ်လ ၁၀ ရက်၊ ၂၀၁၀ခုနှစ်။

## စစ်အာဏာရှင်စနစ် တရားဝင်ရေရှည်တည်တံ့ရေး ၂၀၁၀ ရွေးကောက်ပွဲ နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်ကြ

(၁) နအဖစစ်အုပ်စုသည် ၂၀၁၀ ခုနှစ် မတ်လ (၈) ရက်နေ့က ကြိုတင်ကြေညာပြီး၊ မတ်လ (၉)ရက်နေ့မှစ၍ ရွေးကောက်ပွဲနှင့် သက်ဆို င်သည့် ဥပဒေများကို ကြေညာလာခဲ့ရာ ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေနှင့် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေတို့ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ထိုဥပဒေ ၂ ခုသည် စစ်အုပ်စု၏ အစဉ်အလာအတိုင်း လက်နက် အားကိုးဖြင့် ပြည်သူ လူထုကို တဖက်သတ် အဓမ္မ အနိုင်ကျင့်နိုင်ရန် စီမံပြုလုပ်ထားသော ဥပဒေများဖြစ်ကြောင်း တွေ့ရပါသည်။

(၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း (၂) ပုဒ်မ (၄) ပုဒ်မခွဲ (ခ)တွင် ဖေါ်ပြထားသည့် ကော်မရှင် ဥက္ကဌနှင့်အဖွဲ့ဝင်များမှာ "ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်အဖြစ် (နအဖ)စစ်အစိုးရက ယူဆသူ ဖြစ်ရမည်" ဟူသောအချက်သည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို ပြည်သူများက ယုံကြည်ကိုးစားသော ပုဂ္ဂိုလ်များဖြင့် မဖွဲ့ဘဲ၊ နအဖ စ စ်အုပ်စုက စိတ်ချရသော လက်ကိုင်ဒုတ်များဖြင့် ဖွဲ့စည်းခြင်းဖြင့် ရွေးကောက်ပွဲကို နအဖ စစ်အုပ်စုအလိုကျအတိုင်း ဆောင်ရွက်တော့မည်မှာ ပိုမို ထင်ရှားသွားစေပါသည်။

(၃) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၆)(ဂ)တွင် "ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းေ စာင့်ရှောက်ရေး"ဟု ဖေါ်ပြထားရာ၊ ထိုအချက်သည် မြ န်မာပြည် ဒီမိုကရေစီ အပြောင်းအလဲ ကို လိုလားသည့် ပြည်တွင်း ပြည်ပ အင်အားစုများက ကိုင်စွဲတောင်းဆိုနေသော **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပြန်လည် သုံးသပ်ပြင်ဆင်ရေး** အပါအဝင် "ရွှေဂုံတိုင်ကြေညာစာတမ်း"တခုလုံးကို လုံး ဝ ပစ်ပယ်လိုက်ခြင်းပင်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၄)(င)တွင် "ထောင်ကျခံနေရသူ မဟုတ်ခြင်း" ဟု ဖေါ်ပြထားခြင်း သည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အပါအဝင် ပြည်တွင်း၊ ပြည်ပမှ ချွင်းချက်မရှိ လွှတ်ပေးရန် တောင်းဆိုနေကြသော ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးနှင့် ကိုမင်းကိုနိုင် အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၁၀၀ကျော် တို့၏ မြန်မာ့ဒီမိုကရေစီအရေးတွင် အရေးပါသည့်အခန်းကဏ္ဍကို လုံးဝပစ်ပယ်လိုက်ရုံသာမက မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှ အပြီးတိုင် ဖယ်ထုတ်ပစ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၂၅)တွင် တည်ရှိနေသော ပါတီများအနေဖြင့် ယခု နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ "လျှောက်ထားခြင်းမရှိပါက နိုင်ငံရေး ပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု" ဖေါ်ပြထားခြင်းသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလာဒ်ကိုလည်းကောင်း၊ ထိုရလာဒ် ပိုင်ရှင် နိုင်ငံရေး ပါတီများကိုလည်းကောင်း တစမကျန် ဖျက်သိမ်းပစ်လိုက်ခြင်းသာမက မဲဆန္ဒရှင် ပြည်သူများကိုပါ စော်ကားလိုက်ခြင်းပင်ဖြစ်သည်။

(၄) ထို့ကြောင့် ရွေးကောက်ပွဲနှင့်ဆိုင်သည့် ထိုဥပဒေ(၂)ရပ်ပါ ဖေါ်ပြချက်များကို ကြည့်လျှင်ပင် ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုက ရေစီ အပြောင်းအလဲ တရပ်ကို ဖန်တီးပေးနိုင်သည့်လမ်းကြောင်း မဟုတ်ကြောင်း လုံးဝ ထင်ရှားပြတ်သားနေပါသည်။

ထို့အပြင် မိမိတို့ အစဉ်တစိုက်တောင်းဆိုခဲ့ကြသည့်အတိုင်း **"ရွှေဂုံတိုင်ကြေညာစာတမ်း" ပါအချက်များကို လုံးဝ ပစ်ပယ်လိုက်ပြီး စစ်အာဏာရှင်စနစ် တရားဝင် ရေရှည်တည်တံ့ရေး သက်သက်အတွက်သာ** ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲကို မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့ တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် တို့မှ ပြည်သူလူထုအကျိုးကို ရည်မျှော်၍ ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။ ။

**မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီး၊**

**၈၈ မျိုးဆက်ကျောင်းသားများ၊**

**ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်။**